# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်စျေးကွက်သတင်းလွှာ

June 14, 2019 Volume 20, Number 10

| ၁၄.၆.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၄၆ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၇၈၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၃/ကျပ် |
| CBM Rate | = ၁၅၂၆.၆/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၂၂.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၆.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၃၃.၁ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၁၀.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၅၃.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၀.၄၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၀၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၈၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၆.၂၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၉၉၂ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

## မြန်မာနိုင်ငံမှာ ဈေးကွက်တိုးချဲ့မှုတွေ ထပ်မံလုပ်ဆောင်သွားမယ့် Metro

မြန်မာနိုင်ငံမှာ လုပ်ငန်းတွေ လုပ်ကိုင်နေလျက်ရှိတဲ့ MetroWholesale Myanmar ကတော့ ယခုအခါ ယင်းရဲ့လုပ်ငန်းတွေကို ချဲ့ထွင်လုပ်ကိုင်သွားဖို့ ကြိုးပမ်းနေတယ်လို့သိရပါတယ်။ ဂျာမနီအခြေစိုက် wholesale food and grocery လက်ကားရောင်းဝယ်ရေးလုပ်ငန်းကြီးကတော့ ယခုအခါ မန္တလေး၊ နေပြည်တော်၊ တောင်ကြီးနဲ့ အခြားအဓိကမြို့ကြီးတွေမှာ လုပ်ငန်းတွေ ဖွင့်လှစ် သွားဖို့ ရည်မှန်းနေလျက်ရှိပါတယ်။ ကျွန်တော်တို့ကတော့ ကျွန်တော်တို့ရဲ့ ဖောက်သည်အင်အားကို အဆက်မပြတ် တိုးချဲ့သွားနေပါတယ်၊ သိပ်မကြာတော့တဲ့ ကာလတစ်ခုမှာ သတင်းကောင်းတွေကြားရပါတော့မယ်လို့ Metro Wholesale Myanmar ရဲ့ စီအီးအို Jens Michel က ပြောသွားပါတယ်။ ဒါ့အပြင် မြန်မာဈေးကွက်က မယုံနိုင်စရာကောင်းအောင် တိုးတက်မှုရှိကြောင်း ၎င်းက ဖြည့်စွက်ပြောသွားပါသေးတယ်။ ယင်း wholesaler ကြီးအနေနဲ့ ပြီးခဲ့တဲ့ မတ်လကမှ corporate customers တွေကို ပစ်မှတ်ထားပြီးအွန်လိုင်းစတိုးတစ်ခုကို စတင်ဖွင့်လှစ်ထားခဲ့တာဖြစ်ပါတယ်။

**Source:** https://retailanalysis.igd.com/.../metro-to-expand-fu.../i/21793

SFJ Strategy First Journal

## ပြည်တွင်းကျောက်မျက်ရတနာအရောင်းပြပွဲ နေပြည်တော်တွင် ဆက်လက်ကျင်းပနေ

မြန်မာကျပ်ငွေနဲ့ရောင်းချတဲ့ ပြည်တွင်းကျောက်မျက်ရတနာ အရောင်းပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမမှာ ဇွန်(၈)ရက်ကနေ (၁၃)ရက်အထိ (၆) ရက်ကြာ ကျင်းပနေပါတယ်။ပြည်တွင်းက အသေးစားကျောက်လုပ်ငန်းရှင်တွေ ကျောက်ကုန်ကြမ်းရဖို့နဲ့ ရောင်းချလိုသူတွေ အရောင်းအဝယ်ဖြစ်စေဖို့အတွက် ဒီအရောင်းပြပွဲကိုကျင်းပတာလို့ ပြပွဲကျင်းပရေးဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းဇော်ဦးကပြောပါတယ်။ မြန်မာ့ကျောက်စိမ်းဈေးကွက်ဟာ တရုတ်နိုင်ငံရဲ့ဝယ်လိုအားကို မှီတည်နေရတဲ့အတွက် ဝယ်လိုအားရဲ့ တောင်းဆိုချက်အတိုင်း ဈေးကွက်မှာ ဆောင်ရွက်ရတာတွေရှိတယ်လို့လည်း ဦးသန်းဇော်ဦးက ဆိုပါတယ်။ ကျောက်မျက်အရိုင်းနဲ့ ကျောက်စိမ်းအရိုင်းတွေကို အိတ်ဖွင့်တင်ဒါစနစ်နဲ့ ရောင်းချပေးနေတာဖြစ်ပြီး အခြေခံကျောက်မျက်အရိုင်းအတွက် အခြေခံဈေး ကျပ်(၃)သိန်း၊ ကျောက်စိမ်းအရိုင်းအတွက် အခြေခံဈေး ကျပ်(၁၀)သိန်းအထိ သတ်မှတ်ထားပါတယ်။

ဒီလိုကျောက်မျက်အရောင်းပြပွဲတွေ ကျင်းပပေးတာဟာ ပြည်တွင်း ကျောက်လုပ်ငန်းရှင်တွေအတွက် အလုပ်အကိုင်တွေ ဖြစ်ပေါ်စေနိုင်တယ်လို့ စစ်ကိုင်းတိုင်း

ဒေသကြီးက ကျောက်အရောင်ထည် လုပ်ငန်းလုပ်ကိုင်တဲ့ ကိုကောင်းမြတ်အောင်က ပြောပါတယ်။ ကျောက်အရောင်းပြပွဲကို ပြည်တွင်းက ကျောက်လုပ်ငန်းရှင် (၄)ထောင်ခန့် လာရောက်ကြည့်ရှုကြတယ်လို့ ပြပွဲကျင်းပသူတွေကဆိုပါတယ်။ ပြည်တွင်းအခွန်အကောက်ဥပဒေအရ အထူးကုန်စည်ထဲမှာ ပါဝင်နေတဲ့ ကျောက်မျက်ရောင်းချမှုကနေ နိုင်ငံတော်အနေနဲ့ အခွန်(၁၀)ရာခိုင်နှုန်း၊ ကျောက်စိမ်းရောင်းချမှုကနေ အခွန်(၁၅) ရာခိုင်နှုန်းရရှိမှာဖြစ်သလို ဝန်ဆောင်ခအနေနဲ့ ရောင်းချမှုကနေ (၃)ရာခိုင်နှုန်း အထိ နိုင်ငံတော်ကရရှိမှာပါ။

**Source:** https://www.facebook.com/onenewsmyan/

## ဒေါ်လာသန်း ၁၀၀ ခန့် အသုံးပြုကာ ဝါးစိုက်ပျိုးရေးစီမံကိန်းလုပ်ဆောင်မည်

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်ရှိ မြေလွတ်မြေရိုင်းဧက(၈၀၀၀)ပေါ်တွင် အမေရိကန်ဒေါ်လာသန်း (၁၀၀) ဝန်းကျင်တန်ဖိုးရှိ စိုက်ပျိုးရေးစီမံကိန်းတစ်ခုကို လုပ်ဆောင်ရန်စီစဉ်နေကြောင်း အဆိုပါစီမံကိန်း၏ အတိုင်ပင်ခံ ဦးကျော်စွာမြင့်ကပြောသည်။ အဆိုပါစီမံကိန်းကို အကောင်အထည်ဖော်နိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ထံ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်းက တင်ပြထားပြီးဖြစ်ကြောင်းသိရသည်။ ၎င်းစိုက်ပျိုးရေး စီမံကိန်းသည် ဝါးစိုက်ပျိုးရေးနှင့် ဝါးထုတ်ကုန်များကို အဓိကရည်ရွယ်ကာ လျှော်ဖြူ၊ ကြိမ်၊ ကျွန်းသစ်၊ သစ်မာနှင့် ရွှေဝါးမြက်တို့ကို စိုက်ပျိုးသွားမည်ဖြစ်ပြီး စီမံကိန်းတစ်ခုလုံးအနေဖြင့် ရင်းနှီးမြှုပ်နှံနိုင်မှုပမာဏ အမေရိကန်ဒေါ်လာ သန်း (၁၀၀)ခန့် ကုန်ကျမည်ဟု ခန့်မှန်းထားကြောင်း ဦးကျော်စွာမြင့်ကဆိုသည်။

စီမံကိန်းအတွက် အရှေ့တောင်အာရှမှာရှိတဲ့ ဝါးမျိုးစိတ်တွေ အတော်များများကို အဲဒီမှာစိုက်မယ်။ နိုင်ငံတကာက ဝါးနဲ့ ပက်သက်တဲ့ သင်တန်းတွေ၊ တက္ကသိုလ်တွေနဲ့ ပေါင်းစပ်ဖို့ရည်ရွယ်ထားတယ်။ Garden ရှိပြီးသားဖြစ်လို့ ဒီမှာ လာလေ့လာနိုင်တယ်ဟု ဦးကျော်စွာမြင့်ကပြောသည်။ လက်ရှိတွင် ပိုင်းလော့ပရောဂျက်အနေဖြင့် ဧက(၁၈၀၀)ပေါ်တွင် ဝါးစိုက်ပျိုးသွားမည်ဖြစ်ပြီး Eco Garden နှင့်ကျောင်းဖွင့်၍ ဝါးနှင့်ပက်သတ်သည့် ကုန်ချောထုတ်ကုန်များကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါစီမံကိန်းကို ပြည်တွင်းကုမ္ပဏီတစ်ခုဖြစ်သည့် PENTAGON(Myanmar) Group of company မှ ဆောင်ရွက်မည်ဖြစ်ပြီး၊ စီမံကိန်းဆောင်ရွက်ရန်အတွက် မြေလွတ်မြေရိုင်းများ၌ လုပ်ပိုင်ခွင့်ရရန် လျှောက်ထားဆဲဖြစ်ပြီး လုပ်ပိုင်ခွင့်ရရှိပါက ပရောဂျက် မာစတာပလန်ကို ရေးဆွဲသွားမည်ဖြစ်ကြောင်းသိရသည်။

**Source:**https://www.facebook.com/amiamyanmar/?_ga=2.241167683.1724819689.1547105062-925020387.1547105062

## မူဆယ်ကုန်စည်ဒိုင်အောက်ရှိ အများပိုင်ကုမ္ပဏီမှ တရုတ်ရွှေချိုက်ကုမ္ပဏီသို့ ဆန်တန်ချိန် တစ်သောင်း တင်ပို့ မည်

မူဆယ်ကုန်စည်ဒိုင်အောက်ရှိ အများပိုင်ကုမ္ပဏီမှ တရုတ်နိုင်ငံမှ ရွှေချိုက်ကုမ္ပဏီသို့ ဆန်တန်ချိန်တစ်သောင်းခန့်ကို တရားဝင်တင်ပို့သွားမည်ဖြစ်ကြောင်း မူဆယ်ဆန်ကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးချမ်းသာဦးကပြောသည်။ ငွေပေးငွေယူ စနစ်နဲ့တင်ပို့မှာဖြစ်တယ်။ သူတို့ဘက်က အခွန် ၆၀ ရာခိုင်နှုန်းကို အခွန်ဆောင်ပြီးတော့ တင်သွင်းမှာဖြစ်တယ်ဟု ဦးချမ်းသာဦးကပြောသည်။ လက်ရှိမူဆယ်တွင် ပိတ်မိနေသည့် လက်ကျန် ဆန်တန်ချိန် ၉၀,၀၀၀ ခန့်ကို ဆက်လက် ရောင်းချရေးအတွက် တရုတ်နိုင်ငံသို့ ယခုလအတွင်း ထပ်မံသွားရောက် ဆွေးနွေးသွားမည်ဖြစ်ကြောင်းဆိုသည်။ မန္တလေးတိုင်းဒေသကြီး ဆန်စပါးကုန်သည်များအသင်း အတွင်းရေးမှူး ဦးစိုင်းကျော်က အခုတရုတ်က စက်မှုကုန်ကြမ်း သုံးအတွက် ဆန်ကြမ်းတွေကို ဝယ်ယူပေးနေတယ်။ အများကြီးတော့ ခွင့်ပြုတာမဟုတ်လို့ ကုန်သည်တစ်ယောက်ကို တန်ချိန် ၁၀၀၀ လောက်ခွင့်ပြုတယ်။ ဆန်စပါး ရောင်းချတာကလည်း တရုတ်ကုန်သည်တွေက သူတို့ယူနန်အစိုးရရဲ့ အခွန်ကိုရှောင်ပြီး တရားမဝင်လမ်းကြောင်းကနေ မြန်မာ့ဆန်ကို အများဆုံးဝယ်ယူနေတာဖြစ်ပါတယ်။ ပြည်တွင်း ဆန်ထက်ဝက်လောက်က တရုတ်ပြည်ကိုပို့နေတာဖြစ်ပြီး အခုလို တရုတ်ဘက်က ဆန်အဝယ်လျော့နည်းသွားတဲ့အတွက် ဆန်ဈေးကွက်မှာ အထိုက်အလျောက် နစ်နာမှုတွေရှိလာတယ်ဟုပြောသည်။

တရုတ်နိုင်ငံသို့ ခွဲတမ်းစနစ်ဖြင့် ဆန်တန်ချိန် တစ်သိန်းခန့် တင်ပို့နိုင်ရန် အရည်အသွေးမှီစွာ ကြိတ်ခွဲနိုင်မည့် စာရင်းကို ယခုလအတွင်း ပေးပို့သွားမည်ဖြစ်ကြောင်းသိရသည်။ တရုတ်နိုင်ငံမှ ကုန်သည်များအနေဖြင့် မြန်မာနိုင်ငံမှ ဝယ်ယူသော ဧည့်မထဆန်များကို ဆန်ခေါက်ဆွဲ၊ ဆန်ကြာဆံ၊ မုန့်မျိုးစုံနှင့် အရက်ချက်လုပ်ရာတွင်လည်းကောင်း၊ အရည်အသွေးညံ့ဆန်နှင့် ဆန်ကွဲတို့ကို တိရစ္ဆာန်အစားအစာတို့တွင်လည်းကောင်း အသုံးပြုကြောင်းသိရသည်။ မူဆယ်မှ တရုတ်နိုင်ငံဘက်သို့ တင်ပို့နေသည့် ဧည့်မထဆန်စပါးများသည် ပဲခူးတိုင်းဒေသကြီး(အရှေ့၊ အ နောက်)၊ ရောဂတီတိုင်းနှင့်

စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ထွက်ရှိကြောင်းသိရသည်။ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံဘက်သို့ ဆန်နှင့် ဆန်ကွဲတင်ပို့မှု စာရင်းများအရ ၂၀၁၆ ၂၀၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ခြောက်သိန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၀၈ သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန် နှစ်သန်းကျော်တင်ပို့ခဲ့သည်။

**Source:** https://www.facebook.com/amiamyanmar/photos/ a.945174725568024/2270785353006948/

## နိုင်ငံခြားငွေဖြင့်သာ လုပ်ငန်းဆောင်ရွက်နေသည့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ၊ လေကြောင်းလိုင်းများ နိုင်ငံခြားငွေ ဝယ်ယူရောင်းချ လဲလှယ်ပေးခွင့်လိုင်စင် ရယူဆောင်ရွက်ရန်ညွှန်ကြား



နိုင်ငံခြားငွေဖြင့်သာ လုပ်ငန်းဆောင်ရွက်နေသည့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ၊ လေကြောင်းလိုင်းများ နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့် လိုင်စင်ရယူဆောင်ရွက်ရန် ညွှန်ကြားထားကြောင်း ခရီးသွားလုပ်ငန်းများထံမှသိရသည်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနက မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ် ထံသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ၊ လေကြောင်း လိုင်းများတွင် နိုင်ငံခြားငွေများ ဝယ်ယူရောင်းချ လဲလှယ်ပေးခွင့် လိုင်စင် (Money Changer License) ရယူဆောင်ရွက်ရန် အသိပေးအကြောင်းကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအတွင်း နိုင်ငံခြားငွေ အလွန်အကျွံသုံးစွဲခြင်း (Dollarlization) ကို ရှောင်ရှားရန်အတွက် ပြည်တွင်း ငွေပေးချေမှုများ ဆောင်ရွက်ရာတွင် မြန်မာကျပ်ငွေဖြင့်သာ ဆောင်ရွက်ရန် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က အကြောင်းကြားခဲ့မှုအပေါ် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက အသိပေးအကြောင်းကြားစာ နှစ်စောင်ဖြင့် အကြောင်းကြားခဲ့ပြီး ဖြစ်သည်။ သို့သော် ဟိုတယ်နှင့် ခရီးသွား ဝန်ဆောင်မှုလုပ်ငန်းများနှင့် လေကြောင်းလိုင်းအချို့သည် မြန်မာကျပ်ငွေအစား နိုင်ငံခြားငွေဖြင့်သာ လုပ်ငန်းများဆောင်ရွက်နေသဖြင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေအရ နိုင်ငံခြားငွေများ ဝယ်ယူရောင်းချ လဲလှယ်ပေးခွင့်လိုင်စင် (Money Changer License) လျှောက်ထားရယူရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထပ်ဆင့် အကြောင်းကြားလာခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် ဟိုတယ်နှင့်တည်းခိုရိပ်သာများနှင့် ခရီးသွားလုပ်ငန်းများ၊ လေကြောင်းလိုင်းများ ဆောင်ရွက်နေသော လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံခြားငွေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေနှင့်အညီ နိုင်ငံခြားငွေများ ဝယ်ယူရောင်းချ လဲလှယ်ပေးခွင့်လိုင်စင် (Money Changer License) လျှောက်ထားရယူရန်နှင့် ပြည်တွင်း ပေးချေမှုများအတွက် နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ) ဖြင့် တန်ဖိုးသတ်မှတ်ခြင်း၊ ဈေးနှုန်းဖော်ပြခြင်း၊ ပေးချေခြင်းတို့ကို ဆောင်ရွက်ခြင်းမပြုစေရေး ညီနောင်အသင်းများနှင့်လုပ်ငန်းများသို့ ညှိနှိုင်းဆောင်ရွက်အသိပေးနိုင်ရန် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနက မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ထံသို့ အသိပေးအကြောင်းကြားထားသည်။

**Source:** https://news-eleven.com/article/116510

## သဘာဝဓာတ်ငွေ့ ပြည်ပသို့ရောင်းချမှု ပြီးခဲ့သည့်ဘဏ္ဍာနှစ်ကာလတူထက် ဒေါ်လာသန်း ၁၀၀ ခန့် ပိုရ

ဈေးနှုန်းမြင့်တက်မှုကြောင့် ၂၀၁၈-၁၉ ဘဏ္ဍာနှစ်ရှစ်လအတွင်း ပြည်ပသို့သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ယခင်နှစ် ကာလတူထက် ဝင်ငွေ ကန်ဒေါ်လာသန်း ၁၀၀ ခန့်ပိုရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန လက်ထောက် အတွင်းဝန်ဦးခင်မောင်လွင်ကပြောသည်။ တရုတ်နှင့် ထိုင်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့တင်ပို့ရောင်းချမှုမှ ရှစ်လအတွင်း ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံရရှိသည်။ ပြီးခဲ့သည့်နှစ်က နိုင်ငံတကာရေနံဈေး လျော့နည်းမှုကြောင့် ပို့ကုန်ဝင်ငွေ အနည်းငယ်လျော့နည်းသော်လည်း ၂၀၁၈ အောက်တိုဘာ ၁ ရက်ကစတင်သည့် ဘဏ္ဍာနှစ်တွင် ဈေးနှုန်းပိုရသည်ဟု၎င်းကဆိုသည်။ ပို့တဲ့ပမာဏကတော့ ယခင်နှစ်အတိုင်းပဲ ဈေးတက်လာလို့ ပိုရတဲ့သဘောပါဟု ဦးခင်မောင်လွင်က ပြောသည်။

ယခုဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ နိုင်ငံခြားပို့ကုန်စုစုပေါင်းတွင် ၂၀ ရာခိုင်နှုန်းအထိပါဝင်နေသော သဘာဝဓာတ်ငွေ့ ပြည်ပတင်ပို့မှု၌ ထိုင်းနိုင်ငံသို့ အများဆုံးတင်ပို့ပြီး ဘဏ္ဍာနှစ်ရှစ်လအတွင်း ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံကျော် တင်ပို့

ထားသည်။ မြန်မာနိုင်ငံ၏ ပို့ကုန်ကဏ္ဍတွင် သဘာဝဓာတ်ငွေ့ကဲ့သို့ လယ်ယာထွက်ကုန်များ၊ ရေထွက်ကုန်များ၊ တိရစ္ဆာန်ထွက် ပစ္စည်းများနှင့် စက်မှုကုန်ကြမ်းပစ္စည်းများတင်ပို့မှု တိုးတက်နေသည်။ စက်မှုကုန်ကြမ်းပစ္စည်းတင် ပို့မှုသည် ပြီးခဲ့သည့်ဘဏ္ဍာနှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံကျော်ပိုများပြီး ပြည်ပပို့ကုန်တိုးတက်မှု အများဆုံးဖြစ်သည်။ သတ္တုတွင်းထွက်နှင့် သစ်တောထွက်ပစ္စည်းတင်ပို့မှု လျော့နည်းခဲ့သည်။ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်ရှစ်လ အတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်တန်ဖိုးစုစုပေါင်းဒေါ်လာ ၁၁ ဒသမ ၃ ဘီလီယံရှိပြီး ယခင် ဘဏ္ဍာနှစ်ကာလတူထက် ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံကျော်ပိုများသည်။

ပြည်ပပို့ကုန်တန်ဖိုး တိုးတက်ပြီး သွင်းကုန်တန်ဖိုးလျော့နည်းမှုက မြန်မာနိုင်ငံ၏ကုန်သွယ်မှုလိုငွေကို ပြီးခဲ့သည့်နှစ်ဘဏ္ဍာနှစ်ကာလတူထက် ဒေါ်လာနှစ်ဘီလီယံကျော် လျော့နည်းစေသည်။ ယခုဘဏ္ဍာနှစ် ကုန်သွယ်မှုလိုငွေ ဒေါ်လာသန်း ၈၀၀ ကျော်သာရှိသည်။ ဒီချုပ်အစိုးရသက်တမ်း သုံးနှစ်ကျော်အတွင်း ကုန်သွယ်မှုလိုငွေ အနည်းဆုံးဘဏ္ဍာနှစ်ဖြစ်သည်ဟု မေလ အတွင်းဒုတိယသမ္မတနှင့် စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံပွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောသည်။

**Source:** http://www.7daydaily.com/story/158543

## မန္တလေးစက်သုံးဆီသိုလှောင်ဆိပ်ကမ်းစီမံကိန်းမှ စက်သုံးဆီများကို စက်သုံးဆီဈေးကွက်အတွင်း စတင်ဖြန့်ဖြူး




မန္တလေးစက်သုံးဆီသိုလှောင်ဆိပ်ကမ်းစီမံကိန်းမှ စက်သုံးဆီများကို စက်သုံးဆီဈေးကွက်အတွင်း စတင် ဖြန့်ဖြူးနေပြီဖြစ်ကြောင်း မြန်မာ့စွမ်းအင်ဖွံ့ဖြိုးမှုကဏ္ဍဖွံ့ဖြိုး တိုးတက်ရေး အများပိုင်ကုမ္ပဏီမှ သိရသည်။ ယင်းစီမံကိန်းမှ ဆီဂါလံနှစ်သန်းဆံ့ သိုလှောင်ကန် တစ်လုံးပြီးစီးသွား၍ မန္တလေးမြို့ရှိ စက်သုံးဆီအရောင်းဆိုင်၏ များသို့ စတင်ဖြန့်ဖြူးနေခြင်းဖြစ်ကြောင်း ယင်းကုမ္ပဏီ၏ စီမံကိန်း ဒါရိုက်တာ ဦးသန်းထွန်းကပြောသည်။

မန္တလေးက စက်သုံးဆီကို အဓိကက ရေကြောင်းကပဲ တင်ပို့တာဆိုတော့ အရင်ကကျ သိုလှောင်ကန်တွေလဲမရှိသလို ဆီအရည်အသွေးကအစ ထိန်းထားဖို့ အခက်အခဲရှိခဲ့တယ်။ အခုကျ သိုလှောင်ကန်နဲ့ စနစ်တကျထားနိုင်ပြီဆိုတော့ ဈေးကွက်ကိုလဲ ပုံမှန်ထိန်းနိုင်မဲ့အနေအထားတစ်ခု ရောက်သွားမယ်ဟု ဦးသန်းထွန်းကပြောသည်။

အဆိုပါအများပိုင်ကုမ္ပဏီသည် ၂၀၁၇ ခုနှစ်က စတင်ကာ အထက်မြန်မာပြည်အတွက် စက်သုံးဆီ သိုလှောင် ဖြန့်ဖြူးနိုင်မည့် ဆီသိုလှောင် ဆိပ်ကမ်းစီမံကိန်းအား မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် စစ်ကိုင်း တံတားဟောင်း အနီးတွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ စီမံကိန်းစတင်ပြီး ၂ နှစ်ကျော် အကြာတွင် ဓါတ်ဆီ (92 Ron) ဂါလံနှစ်သန်းဆံ့ သိုလှောင်ကန်တစ်ကန်နှင့် ဆိပ်ကမ်းဆိပ်ခံတံတား တည်ဆောက်မှုပြီးစီးခဲ့သဖြင့် ဇွန်လ (၂) ရက်နေ့က ဆိပ်ကမ်းကို ပဏာမအဆင့်စတင်ဖွင့်လှစ်ခဲ့သည် ဟုသိရ သည်။ အဆိုပါဆိပ်ကမ်းသည် စက်သုံးဆီများအား ဧရာဝတီမြစ်မှတဆင့် ဆိုက်ကပ်လာသော ဆီတွဲသဘော်ာ များဖြင့် ဆိပ်ခံတံတားပေါ်သို့သယ်ယူပြီး ပိုက်လိုင်းများဖြင့် ဆိပ်ကမ်းရှိ ဆီသိုလှောင်ကန်အတွင်းသို့ သိုလှောင် ထားရှိကာဖြန့်ဖြူးမည်ဟုသိရသည်။ မန္တလေးက စက်သုံးဆီကို အဓိကက ရေကြောင်းကပဲ တင်ပို့တာဆိုတော့ အရင်က သိုလှောင်ကန်တွေလဲ မရှိသလို ဆီအရည်အသွေးကအစ ထိန်းထားဖို့အခက်အခဲရှိခဲ့တယ်။ အခုကျ သိုလှောင်ကန်နဲ့ စနစ်တကျထားနိုင်ပြီဆိုတော့ ဈေးကွက်ကိုလဲ ပုံမှန်ထိန်းနိုင်မဲ့ အနေအထား တစ်ခုရောက်သွား မယ်ဟု ဦးသန်းထွန်းက ပြောသည်။

အဓိကတင်သွင်းမှုမှာ နိုင်ငံခြားမှ ရောက်ရှိလာသည့် စက်သုံးဆီများအား ရန်ကုန်သီလဝါ ဆိပ်ကမ်းမှတဆင့် မန္တလေးသို့ ရေကြောင်း၊ ကုန်းကြောင်းနှစ်မျိုးဖြင့် သယ်ယူပြီး ရေကြောင်းဖြင့်သယ်ယူပို့ဆောင်ပါက တွဲသဘော်ာဖြင့် သယ်ယူပြီး ကုန်းကြောင်းဖြင့် ပို့ဆောင်ပါက ဆီဘောက်ဆာ တွဲကားများဖြင့် သယ်ယူပို့ဆောင် ရကြောင်း စက်သုံးဆီလုပ်ငန်းရှင်များထံမှ သိရသည်။ လက်ရှိ မန္တလေးတွင် စက်သုံးဆီဆိပ်ကမ်းအဖြစ် ပုံသေ သတ်မှတ်ထားခြင်းမရှိဘဲ ဧရာဝတီမြစ်အရှေ့ဘက် ရွှေကြက်ယက်ဆိပ်ကမ်းကိုသာ ဆီအတင်အချအတွက် အသုံးပြုခဲ့ရာ ဆီတွဲသဘော်ာများ စနစ်တကျ ဆိုက်ကပ်မှုမရှိနိုင်ခြင်း၊ ဆိပ်ခံတံတားနှင့် ဆီသိုလှောင်ကန်များ

မရှိခြင်းနှင့် ဆီအတင်အချ ပြုလုပ်ရာ၌ စနစ်မကျသဖြင့် မီးဘေးအန္တရာယ် ဖြစ်ပေါ်လာနိုင်ခြင်းများရှိခြင်းစသည့် အခက်အခဲများ ရှိကြောင်း သိရသည်။

စက်သုံးဆီဆိုင်ကမ်းစီမံကိန်းသည် ရာန္ဒန်းပြည့်နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြစ်ပြီး ပုဂ္ဂလိကအများပိုင်ကုမ္ပဏီက ဆောင်ရွက်သည့် စီမံကိန်းတစ်ခုဖြစ်ကာ ဓါတ်ဆီ (92 Ron) ဂါလံနှစ်သန်းဆံ့ သိုလှောင်ကန် (၆) ကန်၊ ဒီဇယ် ဂါလံနှစ်သန်းဆံ့ သိုလှောင်ကန် (၂၆) ကန်နှင့် စုစုပေါင်း ဆီဂါလံ (၆၄) သန်းခန့်အား အထက်မြန်မာပြည် အတွက် သိုလှောင်ဖြန့်ဖြူးနိုင်ရန်လျာထားကြောင်းသိရသည်။

**Source:** http://www.betvmyanmar.com/my/news/

## အိန္ဒိယအစိုးရသည် ပြည်တွင်းပဲလိုအပ်ချက်ကြောင့် ပြည်ပမှပဲစင်းငုံကို မူလသတ်မှတ်ထားသည့် တန်ချိန် (၂) သိန်းအစား တန်ချိန် (၄) သိန်းတင်သွင်းရန်ဆုံးဖြတ်ခဲ့

အိန္ဒိယအစိုးရသည် ယခုနှစ်၌ပြည်ပမှပဲစင်းငုံတန်ချိန် (၂) သိန်းတင်သွင်းရန် စီစဉ်ထားသော်လည်း ယခုအခါ ပြည်တွင်းပဲ လိုအပ်ချက်ပြဿနာကြောင့် ပဲစင်းငုံတင်သွင်းမှုကို မူလသတ်မှတ်ထားသည့် ပမာဏထက် (၂) ဆတိုးမြှင့်ပြီး စုစုပေါင်းတန်ချိန် (၄) သိန်းတင်သွင်းရန် ၂၀၁၉ ခုနှစ်၊ ဇွန်လ (၁၁) ရက် (အင်္ဂါနေ့) တွင်ကျင်းပသည့် စားသောက်ကုန် ဝန်ကြီးဌာနနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြုလုပ်သော အစည်းအဝေး၌ဆုံးဖြတ်ခဲ့ကြောင်း သိရှိရပါ သည်။

အဆိုပါအစည်းအဝေးအပြီးတွင် စားသောက်ကုန်ဝန်ကြီးဌာန ဝန်ကြီးရမ်ဗီလတ်စ်ပက်စ်ဝမ်က ပြောကြားရာ၌ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လမှ ၂၀၁၉ ခုနှစ်၊ ဇွန်လအကုန်ထိ ကျရောက်ခဲ့သည့် ၂၀၁၈ – ၂၀၁၉ စိုက်ပျိုးရေးရာသီတွင် ရာသီဥတုပြဿနာကြောင့် အိန္ဒိယနိုင်ငံတစ်ဝန်း ပဲမျိုးစုံအထွက်နှုန်းမှာ စုစုပေါင်း တန်ချိန် (၂၃၂) သိန်းခန့်သာ ရှိခဲ့သည့်အတွက် ယမန်နှစ်စိုက်ပျိုးရာသီအတွင်းထွက်ရှိခဲ့သည့် ပဲမျိုးစုံ တန်ချိန် (၂၅၄.၂) သိန်းနှင့်နှိုင်းယှဉ်ပါက တန်ချိန် (၂၂) သိန်းခန့်ကျဆင်းသွားခဲ့ကြောင်း၊

အထူးသဖြင့် ကုလားပဲ၊ ပဲတီစိမ်းနှင့် မတ်ပဲတို့အထွက်နှုန်းမှာ အများအပြားကျဆင်းခြင်းမရှိသော်လည်း ပဲစင်းငုံ အထွက်နှုန်းမှာမူ ယခင်နှစ်ကတန်ချိန် (၄၂.၉) သိန်းရှိခဲ့ရာမှ ယခုနှစ်၌မူ တန်ချိန် (၃၅) သိန်းခန့်သာ ရှိသောကြောင့် တန်ချိန် (၇.၉) သိန်းခန့်ကျဆင်းသွားခဲ့ကြောင်း၊ ထို့ကြောင့် အစိုးရသည် ပြည်တွင်းပဲစင်းငုံလိုအပ်ချက်ပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် ပြည်ပမှပဲစင်းငုံတန်ချိန် (၄) သိန်းအထိ တင်သွင်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယအစိုးရသည် ပြည်ပမှပဲစင်းငုံများတင်သွင်းခြင်းကို ပုဂ္ဂလိကကုန်သည်များ မှတဆင့်ပြုလုပ်မည်ဖြစ်ပြီး တင်သွင်း မည့်ပဲစင်းငုံများအတွက် သွင်းကုန်လိုင်စင်ထုတ်ပေးခြင်းအား လာမည့်ရက်အနည်းငယ်အတွင်း ဆောင်ရွက်ပေးသွား မည်ဖြစ်ပြီး ပဲစင်းငုံတင်သွင်းခွင့်ရရှိသူများသည် တန်ချိန် (၄) သိန်းအား ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက် နောက်ဆုံးထား၍ အိန္ဒိယနိုင်ငံသို့ အရောက် တင်သွင်းရမည်ဖြစ်ကြောင်း၊ အိန္ဒိယအစိုးရသည် ပြည်တွင်း၌ ပဲစင်းငုံ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အတွက် ပြည်ပမှတင်သွင်းသောတန်ချိန် (၄) သိန်းကိုသာမက ပြည်တွင်းရှိ သိုလှောင်ရုံများတွင် အစိုးရကသိုလှောင်ထားသည့် ပဲများအနက်မှ တန်ချိန် (၂) သိန်းကိုပါ ဈေးကွက်အတွင်းသို့ ထည့်သွင်းရောင်းချ ပေးသွားမည်ဟုသိရှိရကြောင်း၊အင်တာနက် website တွင် ဖော်ပြပါရှိပါသည်။

**Source: myanamr price**

https://www.facebook.com/myanmaeconomic/

## Thura News Views

**Visa-on-Arrivals to be granted to six countries**

The Ministry of Hotels and Tourism has announced that it will issue Visas-on-Arrivals to travelers from a further six countries to boost the tourism industry. An article in The Irrawaddy said that the ministry is currently awaiting approval from the Union government. Once confirmed, the new visas will likely be

available to travelers from Spain, Italy, Switzerland, Russia, Germany and Australia. "We will be able to confirm the list of the countries only after the Union government approves it," U Aung Aye Han, deputy director general of the ministry was quoted as saying. "They will be the countries that have good ties with Myanmar, and are interested in visiting here". The on-arrival visas are expected to cost USD 50 and allow visitors to stay in Myanmar for up to 30 days. Currently, Myanmar issues visas-on-arrival to citizens of all Association of Southeast Asian Nations (ASEAN) countries, except Malaysia, as well as Japan, South Korea, Macau, Hong Kong and China.

**Yangon chief minister vows to block foreign fuel firms**

Yangon Region Chief Minister U Phyo Min Thein has said that foreign companies will be prevented from operating fuel stations in Yangon. The reason is because their practices are "not compatible with our business culture," according to an article in Frontier. At a press conference last week, it was expressed that the regional government plans to expand the number of Yangon Petrol stations. Foreign companies are expecting payment upfront, compared to delayed payments often made by locally owned businesses. "When [foreign companies] sell something, they want the money immediately. They don't want to wait to collect it later," he was quoted as saying. At the press conference, Phyo Min Thein said that his government would urge foreign investment in fuel storage instead.

**Cambodia's Meal Temples makes Myanmar foray**

Cambodian food delivery and logistics company, Meal Temple Group, has made a minority stake investment into Myanmar-based Freshgora. According to a Dealstreet Asia article, Freshgora's goal is to provide delivery services to restaurants, liquor shops and pet stores. The company will work with Meal Temple Group to become an "on-demand super app for the frontier markets in Asia in the long run," said Daniel Htut, a spokesperson for the company. "We want to provide customers an effective way of spending time ordering food, to deliver on time, and give the same experience and taste as personally ordering from a restaurant," said Thiha Soe, Freshgora's head of PR. Meal Temple was established in Cambodia in 2013. It provides services in the major cities of Phnom Penh and Siem Reap, according to its website.

**KBZ and PTT to partner on oil project**

Kanbawza Group (KBZ) and Thailand's PTT are to form a joint-venture to develop of an oil terminal and a retail business. The operations will be formed by KBZ's Brighter Energy Co and Brighter Energy Retail Co partnering with PTT Oil and Retail Business Public Co Ltd (PTTOR), according to an article in the Myanmar Times. The project will include the procurement of petroleum products, management of the jetty, an oil storage terminal, liquefied petroleum gas (LPG) filling plants and the wholesale business of petroleum products. It will take place in the Thilawa area on the outskirts of Yangon. Upon completion expected in 2021, the project will become the largest oil terminal in Myanmar with a capacity of one million barrels of oil and 4,500 metric tonnes of LPG. The retail business expansion seeks to bring successful brands to the Myanmar consumer. Brands under PTTOR include PTT Station, LPG or Cooking Gas, and Café Amazon.

**Source: Thura Swiss News (Issue 369 Jun 13, 2019)**

TIR

# STOCK EXCHANGE (14.6.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 14th Jun. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | -500 | -4.17% | 12,000 | 12,000 | 11,500 | 613 | 7,056,000 | 27,112,747 | 311,797 |
| MTSH | 00002 | 3,300 | +0 | +0.00% | 3,350 | 3,350 | 3,300 | 2,318 | 7,680,050 | 38,929,150 | 128,466 |
| MCB | 00003 | 7,800 | -100 | -1.27% | 7,900 | 7,900 | 7,800 | 51 | 397,900 | 10,400,986 | 81,128 |
| FPB | 00004 | 24,000 | +0 | +0.00% | 24,000 | 24,000 | 24,000 | 213 | 5,112,000 | 2,472,053 | 59,329 |
| TMH | 00005 | 3,050 | +50 | +1.67% | 3,000 | 3,050 | 3,000 | 984 | 2,977,000 | 12,212,906 | 37,249 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 452.65 | -10.24 | -2.21% | 462.89 | 462.89 | 452.65 | 4,179 | 23,222,950 | 5 | 617,969 |

### Index chart




## Market Overview

As of 12:00 pm, 14th Jun. 2019

| MYANPIX | 453.41 ▼ 9.48 |
|---|---|
| Total Volume (shares) | 2,829 |
| Total Value (MMK) | 16 mil |
| Listed Company | 5 |
| Market Cap. (MMK) | 619,009 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▼ 500 |
| MTSH | 00002 | 3,300 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 24,000 | ▲ 0 |
| TMH | 00005 | 3,050 | ▲ 50 |